ဘုမ္မာဝတီစာပေ

မင်းသိင်္ခ

# ပြည်တော်ဝင်



စနေမောင်မောင်

စတုတ္ထအကြိမ်

# သက်ကြီးစကား သက်ငယ်ကြား
# (သို့မဟုတ်)
# ပညာဗလထံမှ ကြားဖူးသော စကားတစ်ခွန်း

ကျွန်ုပ်သည် ငယ်စဉ်အခါက ကျွန်ုပ်တို့ရပ်ကွက်အတွင်းရှိ (ပညာဗလဆရာ) ဟူသော ဆရာအိုကြီး တစ်ဦးထံသို့ သွားရောက်၍ ကျွန်ုပ်သိချင်သည့်အရာများကို မေးစမ်းလေ့ ရှိလေ၏။ ကျွန်ုပ်နှင့်အတူ ရပ်ကွက်အတွင်း၌ ရှိကြကုန်သော ကလေးများသည်လည်း ၎င်းဆရာကြီးထံသို့ ပုံဝတ္ထုများ နားထောင်ရန်နှင့် ၎င်းတို့သိလိုသော အကြောင်းအရာများကို မေးမြန်းရန်တွက် မကြာခဏ စုဝေးရောက်ရှိတတ်လေ၏။

၎င်းဆရာကြီး၏ မွေးရာဇာတိကို မသိရသေးသော်လည်း မြန်မာပီသော ရုပ်ရည်၊ မြင့်မားသော အရပ်အမောင်း၊ သိုးရင်းအင်္ကျီ တောင်ရှည်ပုဆိုးတို့ကို အကဲခတ်၍ ရပ်ကွက်အတွင်းမှ လူကြီးသူမများက "ပညာဗလဆရာဟာ မန္တလေးသား ဖြစ်ရမယ်" ဟု ပြောဆိုသံကိုမူ ကျွန်ုပ် ကြားခဲ့ဖူးလေ၏။

ဆရာကြီးသည် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ ဆေးကုခြင်း၊

ဖဲဒင်ဟောခြင်း ပြုလုပ်ခဲ့ပြီးလျှင် ကျွန်ုပ်တို့ရပ်ကွက်သို့ အရောက်၌ မြေတစ်ကွက်ဝယ်ယူကာ မြန်မာဆန်ဆန် နှစ်ဆောင်ပြိုင် ကျွန်းအိမ်ကြီး တစ်လုံးကို ဆောက်လုပ်၍ နေထိုင်ခဲ့ခြင်း ဖြစ်လေ၏။

ပညာဗလဆရာကြီးသည် နံနက်၌တစ်ကြိမ်၊ ညနေ၌တစ်ကြိမ် ၎င်း အိမ်၌ ချိတ်ဆွဲထားသော မောင်းကြီးနှင့် စည်ကြီးကိုလည်း အချိန်မှန်မှန် ထုတတ်မြဲ ဖြစ်လေသည်။ မောင်းကြီးကို ထုသည့်အချိန် "နောင်" ဟု မြည်၍ စည်ကြီးကို ထုသည့်အခါ "ဒိုင်း" ဟု မြည်သံကို အစွဲပြု၍ ကျွန်ုပ်တို့က "နောင်ဒိုင်း"ဟု အမှတ်သညာပြုပြီးလျှင် "ဆရာကြီး နောင်ဒိုင်း ထုပြီဟေ့၊ သွားကြရအောင်" ဟု ကလေးချင်း ခေါ်ငင်ကာ ဆရာကြီးအိမ် သို့ ပြေးသွားတတ်ကြလေ၏။

ဆရာကြီးသည် နံနက်မိုးလင်းသည်မှ ညနေ (၃) နာရီ "နောင်ဒိုင်း" ထုသည့်အချိန်အထိ ဆွမ်းတော်ကပ်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဆေးကုခြင်း၊ ဖဲဒင်ဟောခြင်း စသော အလုပ်များဖြင့် မအားမလပ်နိုင်အောင် ရှိပြီး လျှင် ညနေစာ "နောင်ဒိုင်း" ထုပြီးသည့် အချိန်ကျမှပင် ၎င်း၏ အိမ်ဘေး အရိပ်ကျရာ၌ ပက်လက်ကုလားထိုင်လေးချကာ ရေနွေးကြမ်းကို ဖရုံယို၊ ဒူးရင်းယို၊ နာနတ်ယို၊ ထညက်ဖြူဆုပ် (ထန်းလျက်ဖြူဆုပ်) စသည်တို့ဖြ င့် မြည်းကာ ပြောင်းဖူးဖက်ဆေးလိပ် ဖွာရင်း အနားယူလေ၏။

ကျွန်ုပ်တို့ ကလေးများသည်လည်း ထိုအချိန်ကို ချောင်း၍ နေကြ လေ၏။ ထိုအချိန်၌ ဆရာကြီး အားလပ်ပြီဖြစ်၍ ကျွန်ုပ်တို့ မေးချင်ရာ ကို မေးခွင့်ရရှိလေတော့၏။ မေးစရာ မရှိလျှင်လည်း ပုံပြော၍ ခိုင်း လေ၏။ ပညာဗလဆရာကြီးပြောသော ရက္ခစိုး ကိုပညာပုံပြင်၊ ဘိလပ် ပြန် ဖိုးသူတော်ပုံပြင်၊ ရာဝင်အိုးတစ်လုံး ကုန်သည်အထိ ရေသောက်ပြ နိုင်သော ပြတာလာဘပုံပြင်၊ ပခုက္ကူသင်္ချိုင်းတွင်းမှ ခက်ခဲစွာ ရှာဖွေခဲ့ရ

သော ဦးထုပ်နီကလေးပုံပြင် စသည့် မည်သည့် စာအုပ်တွင်မှ တွေ့ရမည်မဟုတ်သော ဆရာကြီး၏ ကိုယ်ပိုင်ပုံပြင်များမှာ ကျွန်ုပ်တို့ကလေးများအဖို့ နားထောင်၍ မဝအောင် ရှိလေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်တို့ကလေးများသည် ပညာဗလဆရာကြီးအားလပ်ချိန်၌ ဆရာကြီးအနီးသို့ စုဝေးရောက်ရှိကာ ဆရာကြီး၏ ခြေထောက်ကို ဆုပ်နယ်နှိပ်နင်းပေးကြရင်း...

"ဘဘကြီး ပုံပြောပါ" ဟု ပူဆာကြလေ၏။

"မှူးလောင်း၊ မတ်လောင်း၊ မင်းလောင်းကလေးများက ဘယ်လိုပုံမျိုး နားထောင်ချင် လို့တုန်းကွဲ့" ဟု ဆိုလေ၏။ ထိုဆရာကြီးသည် ကျွန်ုပ်တို့ကလေးများအား မှူးလောင်း၊ မတ်လောင်း၊ မင်းလောင်းကလေးများဟူ၍ နိမိတ်ဖတ်သောအားဖြင့် ချီးမြှောက်၍ ခေါ်ဝေါ်လေ့ရှိ၏။ ထို့ပြင် ကလေးများထဲတွင် ငခွေး၊ ဝက်သိုး စသော ကိုးရိုးကားရားနိုင်လှသော နာမည်ရှိသူများကိုလည်း မောင်မြသာ၊ မောင်လသာ စသည်ဖြင့် သင့်တော်သော အမည်များ ပြောင်းလဲ၍ ခေါ်ဝေါ်သည်ပြင် ကျန်ကလေးများကိုလည်း ပြောင်းလဲသောအမည်ကို လိုက်၍ ခေါ်ဝေါ်သုံးနှုန်းကြရန် တိုက်တွန်းလေ၏။

"ဘဘကြီးရယ်၊ မြေလျှိုးမိုးပျံတဲ့လူအကြောင်း ပြောပါ" ဟု မောင်မြသာ (ငခွေး) က ပြောလျှင် ဆရာကြီးက...

"အမတ်လောင်းမောင်မြသာက ပြောခိုင်းတဲ့ မြေလျှိုးမိုးပျံတဲ့အကြောင်းကိုပဲ ပြောရမှာပေ့ါကွယ်" ဟု အစချီကာ ဆေးပေ့ါလိပ်ကို ဖွာရင်း ပုံပြင်ကို အစပြုလေ၏။

"မြေလျှိုးမိုးပျံတဲ့ လူဆိုတာ ရိုးရိုးမဟုတ်ဘူးကွဲ့၊ ဝိဇ္ဇာဖြစ်နေတဲ့လူမှ အဲဒီလို လုပ်နိုင်တာ"

ဆရာကြီး၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့ မှူးလောင်း၊ မတ်လောင်း ကလေးများသည် ဝိဇ္ဇာဆိုသည့်စကားကို မကြားဖူးသဖြင့် ပြူးတူးပြဲတဲ ဖြစ်ကာ…

"ဝိဇ္ဇာဆိုတာ ဘာလဲ ဘဘကြီး" ဟု ဝိုင်းဝန်းမေးကြလေ၏။

"အေး… ဟောဟို ကုလားဗလီအောက်မှာ စက်ဘီးပြင်နေတဲ့ မာမူကြီးက သူ့ရဲ့စာတန်း (ဆိုင်းဘုတ်) မှာ ဘယ်လိုရေးထားသလဲကွဲ့" ဟု မေးရာ ကျွန်ုပ်တို့က…

"စက်ဘီးဝိဇ္ဇာမာမူကြီးလို့ ရေးထားပါတယ်" ဟု ကျွန်ုပ်တို့က ဖြေကြလေ၏။

"အေး.. ဟောဟိုက အောက်လင်းဓာတ်မီးပြင်တဲ့ ဦးစံလွင်ကြီးကရော ဘယ်လို ရေးထားသလဲကွဲ့" ဟု ဆရာကြီး မေးပြန်၏။

"ဓာတ်မီးဝိဇ္ဇာလို့ ရေးထားပါတယ်" ဟု ကျွန်ုပ်တို့က ဖြေကြပြန်ရာ ဝက်သိုးခေါ် မောင်လသာက…

"ဦးစံလွင်ကြီးက ဓာတ်မီးဝိဇ္ဇာလို့ ရေးထားပေမယ့် သူက မြေလျှိုးမိုးပျံနိုင်လို့လား" ဟု ဝင်၍ ကန့်ကွက်လေ၏။

"အေး… မောင်လသာ မေးမယ်ဆိုလည်း မေးစရာပါပဲ၊ ဒီလိုကွ မာမူကြီးဟာ စက်ဘီးပြင်တဲ့အလုပ်နဲ့ ပတ်သက်လာရင် မသိတာ မရှိဘူး၊ သူမပြင်နိုင်တဲ့ စက်ဘီးရယ်လို့ မရှိဘူး၊ ဒါကြောင့် စက်ဘီးပြင်တဲ့ဘက်မှာ ဝိဇ္ဇာဖြစ်နေပြီလို့ ခေါ်ရမှာပဲ၊ ဓာတ်မီးဝိဇ္ဇာ ဦးစံလွင်ကလည်း ဒီလိုပဲကွ၊ သူ မပြင်နိုင်တဲ့ ဓာတ်မီးရယ်လို့ မရှိဘူး၊ ဓာတ်မီးအကြောင်း ကောင်းကောင်းသိတယ်၊ ဒါကြောင့် သူကလည်း ဓာတ်မီးဝိဇ္ဇာပါပဲကွယ်၊ ဘယ်လုပ်ငန်းမှာပဲ ဖြစ်ဖြစ် တစ်ဘက်ကမ်းခပ် တတ်မြောက်ရင်

ဝိဇ္ဇာလို့ ခေါ်နိုင်တာပေါ့၊ အေး... မြေလျှိုးမိုးပျံနိုင်တဲ့ အတတ်ဖြစ်တဲ့ အင်းအတတ်၊ ပြဒါးအတတ်၊ သံအတတ်၊ စမအတတ်တွေမှာ တစ်ဖက်ကမ်းခတ် တတ်မြောက်သွားတဲ့ လူတွေကို အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ စမဝိဇ္ဇာရယ်လို့ ခေါ်တယ်ကွဲ့၊ သုံးဆယ်တစ်ဘုံမှာ ဝိဇ္ဇာဘုံရယ်လို့ သတ်သတ်မရှိဘူး၊ ဝိဇ္ဇာဟာ လူပါပဲကွယ်၊ လူထဲက ထူးချွန်ပေါက်မြောက်သွားတဲ့ လူတွေပေါ့၊ ဒါကြောင့် ပေါက်ဆရာလို့လည်း ခေါ်တယ်၊ မှူးလောင်း မတ်လောင်းတို့ရဲ့" ဟု ဆိုပြန်လေ၏။

ထိုအခါ၌ ကလေးများက အင်း, ဆိုတာ ဘာလဲ။ ပြဒါး,ဆိုတာ ဘာလဲ၊ သံ,ဆိုတာ ဘာလဲ၊ စမ,ဆိုတာ ဘာလဲ စသည်ဖြင့် မေးကြပြန်၏။

ပညာဗလဆရာကြီးကလည်း ကလေးများ နားလည်နိုင်သော စကားဖြင့် အင်းကို လည်းကောင်း၊ ပြဒါးကိုလည်းကောင်း၊ သံကိုလည်းကောင်း၊ စမကိုလည်းကောင်း ရှင်းလင်း ပြပြန်လေ၏။

"ဘာဖြစ်လို့ ဝိဇ္ဇာဖြစ်အောင် လုပ်ကြတာလဲ၊ မိုးပေါ်ကို ပျံချင်လို့ လုပ်ကြတာလား" ဟု မောင်မြသာက မေးပြန်၏။

"မဟုတ်ဘူးကွဲ့၊ ဝိဇ္ဇာရယ်လို့ ဖြစ်သွားရင် အသက်ရှည်တယ်ကွဲ့၊ အသက်ရှည်တော့ နောင်ပွင့်မယ့် အရိမေတ္တယျဘုရားကို မီတာပေါ့ကွာ၊ အဲဒါကြောင့် ဝိဇ္ဇာလမ်းကို လိုက်ကြတယ်ကွဲ့" ဟု ဆရာကြီးက ပြောလျှင်...

"အလွယ်ဆုံးဝိဇ္ဇာ ဖြစ်တဲ့လမ်းက ဘယ်လမ်းလဲ ဆရာကြီး" ဟု မောင်မြသာက မေးရာ ဆရာကြီးသည် မျက်စိပေါက်ကလေး ကျဉ်းသွားသည်အထိ ရယ်မော၍...

"ဖြတ်လမ်းသမားကိုကွ၊ ဘယ်လမ်းမှ မလွယ်ပါဘူးကွယ်၊ လူတစ်သောင်းမှာလည်း တစ်ယောက်ဖြစ်ဖို့ မလွယ်ပါဘူး၊ တစ်သိန်းမှာလည်း

တစ်ယောက် မဖြစ်ပါဘူး၊ တယ်ပြီးခက်တဲ့ လမ်းပါကွယ်၊ အေး.. အဲဒီလို ခက်လွန်းလို့ တချို့က ဝိဇ္ဇာဆိုတာ မရှိဘူး၊ မဖြစ်ဘူးလို့တောင် ထင်ကြသကိုး၊ ထင်တဲ့လူကို အပြစ်မဆိုပါဘူးကွယ်၊ အေး ဒါပေမဲ့ ဝိဇ္ဇာဆိုတာ တကယ်ရှိတယ်၊ ဘုရားဟောထဲမှာလည်း ပါတယ်၊ ဝိဇ္ဇာရှိတာ မယုံဘူးဆိုရင် ဘုရားဟောကို မယုံဘူးလို့ ပြောသလို ဖြစ်လိမ့်မယ်၊ ငရဲကြီးလိမ့်မယ်ကွဲ့" ဟု ပြောလေ၏။

"ဝိဇ္ဇာဖြစ်အောင် ဘယ်လိုနည်းနဲ့ပဲလုပ်လုပ် နောက်ဆုံးအဆင့်မှာတော့ အနှောင့်အယှက်လည်း ရလာတယ်၊ ကူညီမယ့်ဆရာလည်း ရောက်လာတယ်ကွ။ ဥပမာကွာ ပြဒါးလုံးထိုးပြီး ထွက်ရပ်လမ်းကို လုပ်တဲ့လူပဲဖြစ်ဖြစ်၊ အင်းလမ်းနဲ့ လုပ်တဲ့လူပဲဖြစ်ဖြစ် နောက်ဆုံး အဆင့်မှာတော့ အနှောင့်အယှက်နဲ့ ကူညီဖေးမမယ့် ဆရာကတော့ ရောက်လာစမြဲပဲကွ၊ ဒါကြောင့် အနှောင့်အယှက်ကို ကျော်လွန်ပြီးမြောက်ဖို့အတွက် သမာဓိအားကောင်းဖို့ လိုတယ်ကွ" ဟု ဆရာကြီးက ဆက်၍ ပြောပြန်ရာ ကလေးများက မြေလျှိုးမိုးပျံခြင်းအကြောင်း မပါသေးသဖြင့်...

"ဘဘကြီး မြေလျှိုးမိုးပျံတဲ့အကြောင်း ပြောပါ" ဟု ပူဆာကြပြန်လေ၏။

"အေး... စောစောက ပြောခဲ့သလိုပဲ ဝိဇ္ဇာဖြစ်အောင် ကြိုးစားလို့ ဝိဇ္ဇာဖြစ်သွားရင် မြေလျှိုးမိုးပျံနိုင်တာပေါ့ကွယ်" ဟု ပညာဗလ ဆရာကြီးက ပြောလေ၏။

"ဝိဇ္ဇာဖြစ်ပြီးရင် ဘာလုပ်ရသလဲ" ဟု ကျွန်ုပ်က မေးပြန်ရာ ဆရာကြီးက အောက်ပါအတိုင်း ရှင်းပြလေ၏။

"ဝိဇ္ဇာဖြစ်ပြီးရင် ပြည်ထွက်လုပ်ငန်း လုပ်ရတယ်ကွ၊ ကိုယ်နေတဲ့ နေရာကနေ မဟာမြိုင်တောကို သွားရတယ်၊ မဟာမြိုင်တော ဆိုတာက

အညာဘက်မှာရှိတဲ့ မဟာမြိုင်တောကြီးကို ပြောတာ မဟုတ်ဘူး၊ ဟိမဝန္တာတစ်ဝိုက်မှာ ရှိတယ်ကွ၊ အဲဒီတောမှာ ဘုတ်ဆိုတဲ့ ငှက်ကြီးတွေ သိပ်ပြီးပေါတယ်၊ တို့ငယ်ငယ်တုန်းက ဘုတ်ထိုးတမ်း ကစားတဲ့အခါမှာတောင် "မဟာမြိုင်တောအထဲ ဘုတ်မကိုလက်ဆွဲ" ဆိုတဲ့ သီချင်းကလေးနဲ့ ကစားလေ့ရှိတယ်၊ အဲဒီ မဟာမြိုင်တောထဲမှာ ဝိဇ္ဇာတွေနေတဲ့ မဟာမြိုင်စခန်းဆိုတာ ရှိတယ်၊ အဲဒီကို သွားရတယ်၊ ကြားထဲမှာက လူသာမန်တွေ မရောက်နိုင်အောင် ဆူးတောကြီးတွေ၊ နွံတောကြီးတွေ ရှိတယ်၊ ကောင်းကင်ကို ဖြတ်ပြီးသွားနိုင်မှ မဟာမြိုင်ကို ရောက်တာကွ၊ မဟာမြိုင်ရောက်ရင် တရားထိုင်နေတဲ့ ဝိဇ္ဇာတွေကို တွေ့ရတော့တာပဲ၊ ပြည်ထွက်လာတဲ့ ဝိဇ္ဇာတွေကိုလည်း မဟာမြိုင်စခန်းက တရားထိုင်ဖို့ နေရာနဲ့ စားနပ်ရိက္ခာပေးပြီး တရားထိုင်ခိုင်းတယ်၊ အဲ... အဲ ပြောရဦးမယ်ကွ၊ မဟာမြိုင်ရောက်ရင် ကောင်းကင်ပျံနိုင်တဲ့ ပြဒါးရှင်လုံးလည်း အစွမ်းမရှိတော့ဘူး၊ အင်းတို့ မန္တာန်တို့လည်း အစွမ်းမရှိတော့ဘူး၊ စွမ်းတဲ့ဓာတ်တွေကို သိမ်းပစ်လိုက်တဲ့နေရာ၊ အဲဒီနေရာကို ဓာတ်သိမ်းစခန်းလို့ ခေါ်တယ်၊ အဲဒီမှာ ဝိဇ္ဇာတွေကို ပြုစုစောင့်ရှောက်ပေးနေတဲ့ ဖိုးသူတော်တစ်ဦး ရှိတယ်။ သူလည်း ဝိဇ္ဇာပဲ၊ ဝိဇ္ဇာထဲမှာ ချာပရာစီဝိဇ္ဇာပေါ့ကွာ၊ အဲဒီ ချာပရာစီဝိဇ္ဇာက လူသစ်ရောက်လာတဲ့ ဝိဇ္ဇာကို ဆရာလုပ်တော့တာပဲ၊ ဟိုမှာထိုင်၊ ဒီမှာထိုင်၊ အမိဋ္ဌာန်ကို မလုပ်နဲ့ပေါ့၊ အဲဒီအခါမှာ လူသစ်ဝိဇ္ဇာကလည်း လိုက်ပြီး လုပ်ရတယ်ကွ၊ မလုပ်ဘူး၊ ပြန်မယ်ဆိုရင်လည်း မရတော့ဘူး၊ ဓာတ်သိမ်းလိုက်တော့ သူ့မှာ အစွမ်းမှ မရှိတော့ဘဲ၊ ကောင်းကင်ကလည်း မပျံနိုင်တော့ဘူး၊ အဲဒီတော့ ဖိုးသူတော်ခိုင်းတာ လုပ်ရတော့တာပေါ့ကွာ၊ အဲဒီလိုလုပ်လို့ အမိဋ္ဌာန်တွေ အောင်မှာ အတွင်းဝိဇ္ဇာကြီးတွေဖြစ်တဲ့ အရှင်ဝိမလ၊ မဟာမြိုင်ဝိဇ္ဇာဆရာတော်တို့၊ ယက်ကန်းစင်တောင် ဆရာတော်တို့ စတဲ့ ရှေးဟောင်း

ဝိဇ္ဇာကြီးတွေနဲ့ တွေ့ခွင့်ပေးတာ၊ အဲဒီအခါမှာ လူသစ်ရောက်လာတဲ့ဝိဇ္ဇာကို ရှေးဟောင်းဝိဇ္ဇာကြီးတွေက "ပြည်တော်ဝင်" ဖို့ စေခိုင်းတော့တာပဲ"

ထိုစကားသို့အရောက်၌ ပညာဗလဆရာကြီးသည် ခေတ္တရပ်နား၍ ရေနွေးကြမ်းကို သောက်လေ၏။

"ပြည်တော်ဝင်တယ်ဆိုတာ ဘာလဲ အဘ" ဟု ကလေးတစ်ယောက်က မေးလေ၏။

"ဝိဇ္ဇာလူသစ်ကို သူလာတဲ့တိုင်းပြည်ကို ပြန်ပြီးပို့တာကို ခေါ်တာကွ၊ အဲဒီ ပြည်တော်ဝင်ဝိဇ္ဇာကို ဖိုးသူတော်ကြီး သူသွားရမယ့် တိုင်းပြည်နယ်စပ်အထိ လိုက်ပြီး ပို့ပေးတယ်၊ အဲဒီအခါမှာ ဝိဇ္ဇာလူသစ်ဟာ သူ့ရဲ့ တိုင်းပြည်ထဲကို"မြေလျှောက်ဝိဇ္ဇာ" အဖြစ်နဲ့ ပြန်ပြီးဝင်ရတယ်၊ မြေလျှောက်ဝိဇ္ဇာအဆင့် ရောက်သွားရင် အတော်ကလေး စွမ်းနေပြီကွ" ဟု ဆရာကြီးက ရှင်းပြလေ၏။

"အဲဒီဝိဇ္ဇာက ပြည်ဝင်ပြီး ဘာလုပ်တာလဲ" ဟု ကလေးတစ်ယောက်က မေးပြန်၏။

"သူက ဘုရား တရား ကိုင်ရှိုင်းပြီး ဒုက္ခရောက်နေတဲ့သူတွေကို ကူညီမစဖို့ရယ်၊ ဝိဇ္ဇာလမ်းကို ကျင့်နေတဲ့လူတွေကို ကူညီဖို့ရယ်ဆိုတဲ့ တာဝန်တွေ ရှိတယ်ကွ။ ဒါကြောင့် ရှေးကလူကြီးတွေ၊ အထူးသဖြင့် အထက်လမ်းကို လိုက်စားတဲ့ လူကြီးတွေဟာ ပြည်တော်ဝင် မြေလျှောက်ဝိဇ္ဇာတွေကို ကြိုဆိုတဲ့အနေနဲ့ ဆန်တစ်ပြည်ဝင်တဲ့အိုးကို သပြေပန်း၊ သစ္စာပန်းနဲ့ ရာသီအလိုက်ပွင့်တဲ့ ပန်းတွေထိုးပြီး အိုးမှာလည်း "ပြည်တော်ဝင် အောင်အိုး" လို့ စာတန်းထိုးပြီး အိမ်ရဲ့မျက်နှာစာမှာ အဲဒီအိုးကို ထားတယ်၊ ပြည်တော်ဝင်ဝိဇ္ဇာတွေကို ကြိုဆိုတဲ့သဘောပြုလုပ်ကြတယ်" ဟု ဆိုကာ ဆရာကြီးသည် ဆေးလိပ်ကို ဖွာလေ၏။

"အခုရော မြေလျှောက်ဝိဇ္ဇာတွေ ရှိသေးသလား" ဟု တစ်ယောက် သောကလေးက မေးပြန်၏။

"ရှိတာပေါ့ကွ၊ ဒါပေမဲ့ လူတွေက သူတို့ကို မြေလျှောက်ဝိဇ္ဇာမှန်း မ သိကြဘူး၊ အချို့ မြေလျှောက်ဝိဇ္ဇာတွေက အရူးကြီးတွေလိုလို၊ သူတောင်းစားကြီးတွေလိုလို ပုံစံမျိုးနဲ့ ဝင်လာကြတာကွ၊ ဟိုး အိန္ဒိယ ပြည် ဟာဒ်ဝါဆိုတဲ့ မြို့ကလေးမှာ တစ်ခါ၊ မြင်းမူမြို့ ပေါင်းလောင်းရှင် ကဿပဘုရားမှာ တစ်ခါ၊ ဘကြီးတော့ မြေလျှောက်ဝိဇ္ဇာကို နှစ်ခါ တောင် တွေ့ဖူးပါရဲ့၊ ဒါပေမဲ့ ဘာကိုတောင်းရမှန်း မသိလို့ မတောင်းမိ ပေါင်ကွာ၊ ဗေဒင်ကိန်းကလေးတစ်ခု ပြပေးသွားလို့ ဘဘကြီးတော့ အဲ ဒါကလေးနဲ့ ထမင်းစားနေတာပဲ၊ အမှန်ကတော့ မြေလျှောက်ဝိဇ္ဇာနဲ့ တွေ့ရင် သူက တောင်းဆိုရင်၊ တောင်းသာ တောင်းကွ၊ သူက ပေးနိုင် တယ်၊ ငွေလည်း ပေးနိုင်တယ်၊ ရွှေလည်း ပေးနိုင်တယ်၊ လုပ်ရပ်လမ်း လည်း ပေးနိုင်တယ်" ဟု ဆရာကြီးက ဆိုပြန်၏။

"တွေ့ပေစေ၊ တွေ့ရင်တော့ တောင်းမှာပဲ" ဟု ဆိုသဖြင့် ဆရာကြီး က "မင်းက ဘာများတောင်းမှာလဲကွ" ဟု မေးရာ ထိုကလေးက...

"ဖန်ဂေါ်လီ တစ်ဒါဇင်နဲ့ ကျောက်ဂေါ်လီ တစ်ဒါဇင်တော့ တောင်းရ မှာပဲ" ဟု ဖြေလိုက်ရာ ဆရာကြီးသည် ဟက်ဟက်ပက်ပက် ရယ်မော၍...

"လူမိုက်၊ မင်းလည်း ငါ့လို လူမိုက်ပဲ၊ ငါလည်း မြေလျှောက်ဝိဇ္ဇာတစ် ဦးနဲ့ တွေ့ဖူးပါရဲ့၊ မတောင်းတတ်တော့ ဗေဒင်နည်းကလေး တစ်နည်းနဲ့ ပဲ ကျေနပ်ရတော့တယ်" ဟု ပြော၍ ထိုနေ့စကားဝိုင်းကို ရပ်နားလိုက် လေတော့၏။

ထိုအချိန်မှစ၍ ဝိဇ္ဇာများသည် မြေလျှောက်ဝိဇ္ဇာအဖြစ်ဖြင့် "ပြည်

တော်ဝင်" ကြခြင်းဟူသော စကားဆန်းကို ကြားခဲ့ဖူးလေသည်။

*